# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

NEWSLETTER VOLUME NO. 7

DATED: August 2024

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်း |
| ၂။ | နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) တွင် အမှာစကားပြောကြား |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ် |
| ၅။ | မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်အောင်ပွဲ (၁)နှစ်ပြည့် အထိမ်းအမှတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ |
| ၆။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် လာရောက်ဂါရဝပြု |
| ၇။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်က လာရောက်ဂါရဝပြုတွေ့ဆုံ |
| ၈။ | နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်၊ နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေး |
| ၉။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ( SCO ) ၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက် မိန့်ခွန်းပြောကြား |
| ၁၀။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြား |

| | |
|---|---|
| ၁၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ |
| ၁၂။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ |
| ၁၃။ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်အား လက်ခံတွေ့ဆုံ |
| ၁၄။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski အား လက်ခံတွေ့ဆုံ |
| ၁၅။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား လက်ခံတွေ့ဆုံ |
| ၁၆။ | နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယဝန်ကြီးချုပ်အား စုပေါင်းတွေ့ဆုံပြီး ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ |
| ၁၇။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါဟူစိန်အား လက်ခံတွေ့ဆုံ |
| ၁၈။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက (၈) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲသို့ တက်ရောက် |
| ၁၉။ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား |
| ၂၀။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Is-kander Azizov အားလက်ခံတွေ့ဆုံ |
| ၂၁။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးက မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်အား လက်ခံတွေ့ဆုံ |

| | |
|---|---|
| ၂၂။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ချန်းချန်းအား လက်ခံတွေ့ဆုံ |
| ၂၃။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် စစ်တွေမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်အား လက်ခံတွေ့ဆုံ |
| ၂၄။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးမှ မြန်မာနိုင်ငံသို့ မိတ်ဆက်ခရီးစဉ် လာရောက်လျက်ရှိသော ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာ မာနီ ပန်ဒေး အား လက်ခံတွေ့ဆုံ |
| ၂၅။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးက အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ |
| ၂၆။ | ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ |
| ၂၇။ | ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က ဂျပန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၂၈။ | ဖူကုအိုကာမြို့တွင် ကျင်းပသော နိုင်ငံတကာကလေးသူငယ်များ ချစ်ကြည်ရင်းနှီးမှုပွဲတော် We are the BRIDGE Festival 2024 သို့ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက် |
| ၂၉။ | မြန်မာသံရုံး၊ တိုကျိုမြို့နှင့် NHK Cultural Promotion Centre တို့ပူးပေါင်း၍ Embassy Lecture on "Understanding Myanmar" ဆွေးနွေးပွဲအခမ်းအနားပြုလုပ် |
| ၃၀။ | နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုး တိုးတက်ရေး အသင်း၏ Founding President ဖြစ်သူကို လက်ခံတွေ့ဆုံ |
| ၃၁။ | (၅၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် |
| ၃၂။ | စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ |
| ၃၃။ | မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲ သတင်းထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက် |
| ၃၄။ | မျိုးသုန်းပျောက်ကွယ်တော့မည့် ရှားပါးတိုက်လိပ် ၁,၀၀၀ ကျော်ကို မြန်မာနိုင်ငံတွင် ထိန်းသိမ်း ကာကွယ်ထား |
| ၃၅။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လပတ် ကာလတွင် အမေရိကန်ဒေါ်လာ ၁၄၃ သန်း ကျော် တန်ဖိုးရှိ ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ခဲ့ |
| ၃၆။ | ကံပိုက်တီးနယ်စပ်ဂိတ်မှ ကုန်သွယ်မှုပမာဏမှာ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရှိခဲ့ |
| ၃၇။ | မြန်မာ့ပြောင်းတန်ချိန် ၅ သိန်းကို အိန္ဒိယသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့လျက်ရှိ |

| | |
|---|---|
| ၃၈။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လတာ ကာလအတွင်း လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၃၉ ဘီလီယံ ဝင်ငွေရရှိခဲ့ |
| ၃၉။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လပတ်ကာလတွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်ခဲ့ |
| ၄၀။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လပတ် ကာလတွင် သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈ သန်းကျော် ဝင်ငွေရရှိခဲ့ |
| ၄၁။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ ၃ လပတ်ကာလတွင် မြန်မာ့ဆန်ကို တရုတ်နိုင်ငံမှ တန်ချိန် ၉၁,၀၀၀ ကျော်ဖြင့် အများဆုံးဝယ်ယူတင်သွင်းခဲ့ |
| ၄၂။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၁၂ ရက်နေ့အထိ မြန်မာ့ပဲအမျိုးမျိုးတန်ချိန် ၇၄၀,၀၀၀ ကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၄၂ သန်း ရရှိခဲ့ |
| ၄၃။ | မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၁၂ ရက်နေ့အထိ လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံကျော် ဝင်ငွေရရှိခဲ့ |
| ၄၄။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၁၂ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၁၆၅ သန်းကျော် တန်ဖိုးရှိ ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ခဲ့ |
| ၄၅။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လပတ် ကာလအတွင်း မြန်မာ့ပျားရည် တန်ချိန် ၅၄၀ ကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့ |
| ၄၆။ | မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းနှင့်ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ကျန်းမာရေး လိုအပ်ချက်များအား ဖြေလျှော့ပေးထားခြင်း |
| ၄၇။ | ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြိုးကြာငှက်များ၏ ရေရှည်တည်တံ့ နိုင်စေရေးအတွက် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရခြင်း |
| ၄၈။ | ၂၀၂၄ အိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်းနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင် |

EMBASS

# မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင်ကျရောက်သော မြန်မာ့အမျိုးသမီးများနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ Video Message ဖြင့် အဖွင့်အမှာစကားပြောကြားခဲ့သည်။



ယင်းသို့ ပြောကြားရာတွင် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှာရှိတဲ့ မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၆ ဒသမ ၂ သန်းအနက် အမျိုးသမီးပါဝင်မှုသည် ၂၉ ဒသမ ၄ သန်း ဖြစ်ကြောင်း၊ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြောင်း၊ မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေး လှုပ်ရှားမှု သမိုင်းစဉ်အဆက်ဆက်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း စွန့်လွှတ်အနစ်နာ ခံမှု၊ ရဲဝံ့စွန့်စားမှုများစွာပါဝင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှင့် နိုင်ငံတော် လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းများ အပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ် အသီးသီးများတွင် ကာယအား၊ ဉာဏအားများ နှင့် စွမ်းစွမ်းတမံသယ်ပိုး ဆောင်ရွက်နေကြသည့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍသည်

အလွန်ကြီးမားကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် ကျရောက်သော မြန်မာ အမျိုးသမီးများနေ့သည် မြန်မာနိုင်ငံဒေသအသီးသီးတွင် နေထိုင်ကြသည့် မြန်မာအမျိုးသမီးများ အားလုံးအတွက် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ အမျိုးသမီး များ၏အခွင့်အရေး နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဥပဒေနှင့်အညီ အပြည့်အဝ ကာကွယ် စောင့်ရှောက်ပေးနိုင်မှုနှင့် အကြမ်းဖက်မှုကျူးလွန်သူများကို ထိရောက်စွာ အရေးယူဆောင်ရွက် နိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း ပြောကြား ခဲ့သည်။

ထို့ပြင် ၂၀၁၄ ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီး များနေ့အခမ်းအနားတွင် "အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှပ်နှံပေး" ဆောင်ပုဒ် နှင့်အညီ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသမီးများအား နည်းမျိုးစုံနှင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကတိကဝတ်များနှင့် အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့်အညီ ရေးဆွဲထားသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်း နယ်ပယ် (၁၂)ရပ်ကို အကောင် အထည်ဖော်ဆောင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော မိတ်ဖက်အဖွဲ့အစည်း များအားလုံး ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ဖြင့်ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO

## နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံများ ဖြစ်ပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှု အခြေအနေများ နှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။



**နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံစဉ်။**

EMBASSY



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) တွင် အမှာစကားပြောကြား

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄)ကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားခဲ့သည်။





အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးတွင် တရားဥပဒေ စိုးမိုးရေး၊ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံးအေးချမ်းစွာဖြင့် လုပ်ကိုင်နေထိုင်စား သောက်နိုင်ရေးတို့ပါဝင်ပြီး ကျယ်ပြန့်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ ပညာရည်သင်ကြားရေးနှင့်ပတ်သက်၍ ဘေးကင်းလုံခြုံစွာဖြင့် စိတ်အေးချမ်းသာစွာ သင်ယူနိုင်ရေး၊ လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ် များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့် ရရှိရေးအတွက် အုပ်ချုပ်သူများ အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကျောင်းဖွင့်လှစ်၍ ရသည့်ဒေသများ၌ ကျောင်းတက်ရောက်သူများ ရာနှုန်းပြည့် တက်ရောက်ရန်လိုအပ်ကြောင်း၊ ကျောင်းနေ ရာခိုင်နှုန်းများနှင့် တန်းစဉ်ကူးပြောင်းမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိစေရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးပိုင်းဆိုင်ရာများ တိုးတက်ပါက ဒေသအလိုက် တိုးတက်ပြီး နိုင်ငံတိုးတက်ရေးကိုပါ များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

ထို့နောက် အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင် တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့ကို အောင်မြင် တိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်စေရေး ကွဲပြားသည့် အခြေခံများလည်းရှိပြီး ယင်းအခြေခံ အချက်များတိုးတက်ရန် အလေးထား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ရေးကို စိတ်ဝင်စားသည့် လူငယ်များ၊ လုပ်ငန်းရှင်များရှိပါက ၎င်းတို့ကို လက်တွဲခေါ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်များ နှင့်ပတ်သက်၍ ဘဏ်စနစ်ကို ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသအလိုက် ဖွင့်လှစ်ထားသည့် ဘဏ်များကိုလည်း စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင် ခြင်းလုပ်ငန်းများဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလဆန်းမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ကဏ္ဍအလိုက် မှတ်တမ်းများ စနစ်တကျ ပြုစုထိန်းသိမ်းထားရန်

EMBASSY OF MYANMAR, TOKYO

လိုကြောင်း၊ မြို့ပြစီမံကိန်းများနှင့် ပတ်သက်၍လည်း မှတ်တမ်းထားရှိရန်လိုအပ်ကြောင်း၊ ယခင်နှစ်များက မြို့ပြစီမံကိန်းများကို ပြည်ပနိုင်ငံများ၏ အကြံဉာဏ်များဖြင့် ဆောင်ရွက်ကြကြောင်း၊ စီမံကိန်းများ၊ မြေယာနှင့် မြေလွတ်မြေရိုင်း အသုံးချမှုများကိုလည်း တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် မြို့နယ်၊ ခရိုင်အလိုက်ဆောင်ရွက်နေသည့် စီမံကိန်းများကို ကွင်းဆင်း စိစစ်ရန်လိုအပ်ကြောင်း မြို့ရွာစီမံကိန်းများကို စနစ်တကျဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

(၁၁-၇-၂၀၂၄၊ နေပြည်တော်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Daba Debele Hunde သည် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ခန်းမဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများ အပါအဝင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုများ အပြန်အလှန် တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde အား လက်ခံတွေ့ဆုံစဉ်။**



## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၁)နှစ်ပြည့်အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် အောင်ပွဲ (၁)နှစ်ပြည့် အထိမ်းအမှတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွက်ဆို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အခမ်းအနားတက်ရောက်လာသူများသည် ပေါက်မြိုင်ဆရာတော်ကြီး ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွက်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပေါက်မြိုင် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့်ဆီမီးကပ်လှူပူဇော်စဉ်။**

EMBASSY OF MYANMAR, TOKYO

ထို့နောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု သုံးကြိမ်ရွက်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် လာရောက်ဂါရဝပြု

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval သည် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လာရောက် ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Mr. Shri Ajit Doval အားလက်ခံတွေ့ဆုံစဉ်။**

MYANMAR TOKYO



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) သည် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာများတွင် အတူတကွ အပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား သင်တန်းသားများစေလွှတ်ရေးနှင့် ပူးပေါင်း

ဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကျင်းပခဲ့မှု အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) ကို လက်ခံတွေ့ဆုံစဉ်။**

EMBASSY OF MYANMAR COLOMBO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

## နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေး


တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့သို့ ခေတ္တရောက်ရှိနေသော နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်သည် ၁-၇-၂၀၂၄ ရက်နေ့၊ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ လင်ကွန်းကျောင်းတိုက်သို့ သွားရောက်၍ မြတ်ဗုဒ္ဓစွယ်တော်အား ဖူးမြော်ကြည်ညိုပြီး လင်ကွန်းကျောင်းတိုက် ကျောင်းထိုင် ဆရာတော် ချမ်းကျန့်အား ဂါရဝပြုတွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်သည် နေပြည်တော်မှ ပင့်ဆောင်လာသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရုပ်ပွားတော်ငယ်အား လှူဒါန်းခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ အား ပေကျင်းမြို့ရှိ ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်

EMBASSY MYANMAR TOKYO

ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



**နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူး မစ္စတာဝမ်ယိအားလက်ခံတွေ့ဆုံစဉ်**

EMBASSY OF

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ( SCO ) ၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက် မိန့်ခွန်းပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ၈-၇-၂၀၂၄ ရက်နေ့မှ ၉-၇-၂၀၂၄ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းတုန်းပြည်နယ် ချင်းတောင်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ( SCO ) ၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ် သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (SCO) ၏စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်တွင်မိန့်ခွန်းပြောကြားစဉ်။**

မိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပခဲ့သည့် ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ပေးပို့ခဲ့သည့် သဝဏ်လွှာကိုအခြေခံ၍ ယခုဖိုရမ်တွင် ဆွေးနွေးမှုများကို ဆောင်ရွက် သွားနိုင်မည်ဖြစ်ကြောင်း၊ ဖိုရမ်၏ခေါင်းစဉ်သည် အလွန်အဓိပ္ပာယ်ပြည့်ဝပြီး သဘာဝတရားနှင့် ဟန်ချက်ညီစွာ နေထိုင်ရန်လိုအပ်နေသည်ကို နှိုးဆော်ထားကြောင်း၊ ရေ၊ လေ၊ မြေ၊ ဇီဝအဝန်းအဝိုင်း များနှင့် ဖွဲ့စည်းထားသည့် ကမ္ဘာမြေစနစ်နှင့် လူသားများသည် အပြန်အလှန်ဆက်နွယ်မှုရှိနေသည့်အတွက် လူသားများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု မရှိစေရေး ကာကွယ်ထိန်းသိမ်းပေးရမည်ကို အလေးထား ဂရုပြုကြရမည်ဖြစ်ကြောင်း၊ ဂေဟစနစ်ပြောင်းလဲမှုနှင့် ဇီဝမျိုးစုံကွဲထိန်းသိမ်း ကာကွယ်ရေး၊ စွမ်းအင်အသွင်ကူးပြောင်းရေး အတွက် တီထွင်ဆန်းသစ်ရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှု အတွက် လူနေမှုစနစ်အသွင်ကူးပြောင်းရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာများကို (SCO) အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် များနှင့် ပညာရှင်များမှ ဆွေးနွေးမည်ဖြစ်သည့်အတွက် ဒေသတွင်းပူးပေါင်းဆောင်မှုကို မြှင့်တင်ပေးနိုင်မည့် အခွင့်အရေးပလက်ဖောင်း တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တိုးတက် ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက် ရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရာတွင် သဘာဝအခြေခံ ဖြေရှင်းနည်းလမ်းများဖြင့် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ အစိမ်းရောင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အထောက်အကူဖြစ်ရန် ရည်ရွယ်၍ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်

EMBASSY OF MYANMAR

ကဏ္ဍစုံမှ ဆက်စပ်ပတ်သက်သူများ၊ အာဆီယံနှင့် နိုင်ငံတကာပညာရှင်များဖြင့် “အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Green Economy and Green Growth Forum) ကို ၂၀၁၁ ခုနှစ်မှစ၍ (၆)ကြိမ်ထိ ကျင်းပနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု စီမံချက်များအပေါ်အခြေခံပြီး ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ပတ်သက်သူများ၊ နိုင်ငံတကာပညာရှင်များနှင့် ဆွေးနွေးပြီး ပြုစုရေးဆွဲထားပြီးဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍ၌ ရုပ်ကြွင်းလောင်စာသုံးယာဉ်များ အသုံးပြုမှုလျှော့ချနိုင်ရေးအတွက် နိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော နှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို UNESCO ၏ စံချိန်စံညွှန်းများ နှင့်အညီ လူသားနှင့် ဇီဝအဝန်း နယ်မြေများအဖြစ် သတ်မှတ်နိုင်ခဲ့ကြောင်း၊ သစ်တောများ ပြည်လည်တည်ထောင်ခြင်း၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေများတွင် ဇီဝမျိုးစုံကွဲများအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်း အစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ကျခြင်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်မှစတင်၍ SCO ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ခွင့်ရခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုများကို ပိုမိုခိုင်မြဲစေရန် နှင့် ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း၊ စုပေါင်းအင်အားများ၊ သယံဇာတများနှင့် ကျွမ်းကျင်ပညာရှင်များ၏ ပေါင်းစည်းမှုအင်အားဖြင့် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲသည့် အနာဂတ်ကို အတူတကွ ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဖိုရမ်ဖြစ်မြောက်ရေးအတွက် အခမ်းအနားစီစဉ်သူများနှင့် တက်ရောက်လာသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် တူညီသောရည်မှန်းချက်များနှင့် ဖြေရှင်းမှုများအတွက် မဆုတ်မနစ်အတူတကွ ဆက်လက် ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြား

၂၀၂၄ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည် ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့နှင့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေနေ့ဖြစ်ပေါ်လာသည့်အကြောင်းအရင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် မိသားစုစီမံကိန်း၊ ကျား မ တန်းတူညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် လူ့အခွင့်အရေး၏ အရေးပါမှုစသည့် လူဦးရေဆိုင်ရာပြဿနာရပ်များကို ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့ကိုအစွဲပြုပြီး ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ကမ္ဘာ့လူဦးရေ နေ့အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ကျင်းပလျက် ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေ နေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ကျင်းပခဲ့ သည့် အခမ်းအနားသည် (၃၅)ကြိမ်မြောက် အခမ်းအနားဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ထုတ်ပြန် ချက်အရ ကမ္ဘာ့လူဦးရေသည် သန်းပေါင်းရှစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာ မပြည့်စုံခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ ကူးစက်ကပ်ပျံ့နှံ့ခြင်း၊ ရေဘေးလေဘေး စသည့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ခံစားလာနေကြောင်း။ ထို့ကြောင့် ကြုံတွေ့နေရသည့် အခက်အခဲများကို အချိန်မီကုစား

EMBASSY OF MYANMAR

ရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရန်အတွက် နိုင်ငံ၏ နေမြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားရေး ဆိုင်ရာ အခြေခံအချက်အလက်များရရှိရန် အထူးလိုအပ်ကြောင်း၊ အဆိုပါအချက်အလက်များရရှိရန် လူဦးရေသန်းခေါင်စာရင်များ ပုံမှန်ကောက်ယူကြခြင်း ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအများစုတွင် သန်းခေါင်စာရင်းကို (၁၀)နှစ် တစ်ကြိမ်ကောက်ယူလေ့ရှိခြင်း၊ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းများ ခိုင်မာမှုရှိစေရန်၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် သုတေသနလုပ်ငန်းများအတွက် မှန်ကန်သည့် အခြေခံအချက်အလက်များ ရရှိစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်နေ့အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်သည့် မဲစာရင်း မှန်ကန်စေရေးကို အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်မှာ "ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ" "Helping vulnerable populations in emergencies" ဟု သတ်မှတ်ထားကြောင်း၊ အဆိုပါဆောင်ပုဒ်ချမှတ်ရခြင်းသည် ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ စားနပ်ရိက္ခာရှားပါးမှုများ စသည့် ဘေးဒုက္ခအန္တရာယ်အမျိုးမျိုးကြောင့် အရေးပေါ်အခြေအနေများကို လူသားများ ကြုံတွေ့ခံစားနေကြောင်း၊ ထိုအရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ် သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန် ကိန်းဂဏန်း အချက်အလက်များကို နိုင်ငံတစ်ဝန်း ရရှိရန်အတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ မပြစ်မနေကောက်ယူရန် လိုအပ်ကြောင်း။

အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ မှတ်တိုင်တစ်ခု ဖြစ်လာမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ဆောင်ပုဒ်ဖြစ်သည့် "ပြည်သူအားလုံး ပါဝင်လို့၊ သန်းခေါင်စာရင်းကောက်ကြစို့" "A nation-wide census, let us all participate" ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ

(၄-၇-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ၄-၇-၂၀၂၄ ရက် (၁၃၀၀) နာရီ အချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာအထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။



EMBASSY OF MYANMAR, TOKYO

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

(၈-၇-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi နှင့်အတူ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Sajjad Mohammad Sajid အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ၁၁၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်း ဆောင်ရွက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်အား လက်ခံတွေ့ဆုံ

(၉-၇-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တိုကျိုမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ (၁၃၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးမှ သံအမတ်ကြီးအား တိုကျိုမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာမိတ္တူကို ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြန်မာ-အီသီယိုပီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ စေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေး ခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO


https://www.facebook.com/mofamyanmar

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski အား လက်ခံတွေ့ဆုံ

(၁၆-၇-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski အား ၁၆-၇-၂၀၂၄ ရက်၊ ၁၄၀၀ နာရီ အချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသည့် IOM ၏ လုပ်ငန်းစဉ်များနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား လက်ခံတွေ့ဆုံ

(၁၆-၇-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ ၁၂၃၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက် သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရ ပါသည်။



## နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယဝန်ကြီးချုပ်အား စုပေါင်းတွေ့ဆုံပြီး ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

(၁၂-၇-၂၀၂၄ ရက်၊ နယူးဒေလီ)

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး တက်ရောက်ရန် နယူးဒေလီမြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား အခြားသော ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများနှင့် အတူ ဇူလိုင်လ ၁၂ ရက်၊ ဒေသစံတော်ချိန် နံနက် ၁၀:၄၅ နာရီတွင် နယူးဒေလီမြို့ရှိ အိန္ဒိယဝန်ကြီးချုပ် အိမ်တော်၌ စုပေါင်းတွေ့ဆုံခဲ့သည်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဒေသစံတော်ချိန် ၁၂:၀၀ နာရီတွင် ထိုင်းနိုင်ငံခြားရေး ဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန် နှင့်လည်းကောင်း၊ ညနေ ၆ နာရီ ၁၅ မိနစ်တွင် အိန္ဒိယပြည်ပရေးရာ ဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ နှင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေး ဝန်ကြီး ဒေါက်တာ မိုဟာမတ်ဟာဆန်မာမွတ် နှင့်လည်းကောင်း နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ် ဟိုတယ်၌ သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး နှင့်တွေ့ဆုံစဉ် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်း လိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံနှင့်အတူ

EMBASSY OF MYANMAR, TOKYO

ပူးပေါင်းဆောင်ရွက်နေမှုများ အပေါ် ကျေးဇူးတင် အသိအမှတ်ပြုကြောင်း ထည့်သွင်းပြောကြား ခဲ့သည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီး နှင့်တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။ အလားတူ ပေါင်းစည်းဆက်နွယ် ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမို တိုးမြှင့်သွားရေး ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေး ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး နှင့်တွေ့ဆုံစဉ် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ပြည်သူ အချင်းချင်း ထိတွေ့ဆက်ဆံရေး အပါအဝင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး တို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သည်ကြီးများ အသင်းများအကြား ပူးပေါင်းဆောင်ရွက်ရေး အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ဝန်ကြီးနှစ်ဦးသည် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ထည့်သွင်း ဆွေးနွေးခဲ့ကြသည်။




EMBASSY OF MYANMAR, TOKYO


https://www.facebook.com/mofamyanmar


https://www.facebook.com/mofamyanmar


https://www.facebook.com/mofamyanmar


https://www.facebook.com/mofamyanmar

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား လက်ခံတွေ့ဆုံ

(၁၇-၇-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ (၁၀၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် ပြည်သူချင်းထိတွေ့ဆက်ဆံမှု ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရှိရပါသည်။




E MYANMAR, TOKYO

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက (၈) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲသို့ တက်ရောက်

(၂၂-၇-၂၀၂၄ ရက်၊ ကူမင်း)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ လိုက်ပါသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၂-၇-၂၀၂၄ ရက် ညနေပိုင်းတွင် ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Intercontinental Hotel ၌ တရုတ်ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွိပေါ်က တည်ခင်းဧည့်ခံသည့် (၈) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းညစာစားပွဲသို့ တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များလည်း တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညစာစားပွဲအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာဆက်ဆံရေးဌာန၏ ဒုတိယဝန်ကြီးဖြစ်သူ မစ္စစ် စွန်းဟိုင်ယန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ–တရုတ် နှစ်နိုင်ငံအကြားတည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေးအပါအဝင် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားရေးကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းမှုဖြင့်တင်ရေး ကိစ္စရပ်များ၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကား မှုနှင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုကိစ္စရပ်များတိုက်ဖျက်ရေးတို့တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး

EMBASSY OF MYANMAR, TOKYO

သို့ သွားရောက်ခဲ့ပြီး ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် တွေ့ဆုံခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင် သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့မွန်းလွဲပိုင်းကလည်း Agricultural Reclamation Group ၏ ယူနန်နုန်ခမ်း ကော်ဖီကုမ္ပဏီသို့ သွားရောက်ခဲ့ပြီး ယူနန်ပြည်နယ်၏ ပြည်တွင်းကော်ဖီ ထုတ်လုပ်မှုကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ကော်ဖီအမျိုးအစားများကို လေ့လာကြည့်ရှုခဲ့ကြသည်။






https://www.facebook.com/mofamyanmar
云南农垦集团
曲靖选品中心
挂耳式滤泡焙炒咖啡
速溶咖啡固体饮料
Instant Coffee
YUNFEI

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

(၂၄-၇-၂၀၂၄ ရက်၊ ကူမင်း)

(၈) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၈) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ၊ သီရိလင်္ကာနိုင်ငံမှလွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်၊ မော်လ်ဒိုက်နိုင်ငံမှ ဒုတိယလွှတ်တော် ဥက္ကဋ္ဌ၊ နီပေါနိုင်ငံမှ ဒုတိယလွှတ်တော် ဥက္ကဋ္ဌတို့နှင့်အတူ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ ကုန်စည်ပြပွဲကို နှစ်စဉ် ဖိတ်ခေါ်ကျင်းပပြုလုပ်သည့်အပေါ် တရုတ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန နှင့် ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့အား ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူဦးရေ ၃.၂ ဘီလီယံ အခြေချနေထိုင်လျက်ရှိသော အိမ်နီးချင်းနိုင်ငံ (၅) နိုင်ငံ၏အလယ်တွင်ရှိပြီး သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ် ကြွယ်ဝသော အခြေခံကောင်းများရှိကာ အိန္ဒိယ သမုဒ္ဒရာတွင် ရှည်လျားသည့်ကမ်းရိုးတန်း ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအလားအလာအလွန်ကောင်းမွန်သောနိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့်တောင်အာရှ နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပေါင်းစပ်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန် ဖိတ်ခေါ်လိုကြောင်း ထည့်သွင်းပြောကြား ခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲကို အရှေ့တောင်အာရှ (၁၀) နိုင်ငံနှင့် တောင်အာရှ (၈) နိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ပြပွဲကို ၂၃–၇–၂၀၂၄ ရက်မှ ၂၈–၇–၂၀၂၄ ရက်အထိ ကျင်းပလျက်ရှိကာ နိုင်ငံပေါင်း (၈၂) နိုင်ငံမှ ကုမ္ပဏီပေါင်း (၂၀၀၀) ကျော်က ပြခန်းပေါင်း (၈၀၀၀)ကျော် ပါဝင်ပြသလျက်ရှိသည်။ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီ (၂၄) ခုက ပြခန်းပေါင်း (၂၆) ခု ပါဝင်ပြသလျက်ရှိသည်။

EMBASSY OF MYANMAR, TOKYO


https://www.facebook.com/mofamyanmar
EXPO
FAIR
丹 穗
缅甸联邦共和国副总理兼外长
H.E. U Than Swe
Deputy Prime Minister and Union Minister for
Foreign Affairs of the Republic of the Union of Myanmar

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Is-kander Azizov အားလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Is-kander Azizov အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် သိပ္ပံနှင့်နည်းပညာ၊ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု များ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။



# နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးက မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်အား လက်ခံတွေ့ဆုံ



(၂-၇-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက် (၁၁၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ/ သဘောတူစာချုပ်များ လက်မှတ်ရေးထိုး နိုင်ရေးအပါအဝင် မြန်မာ – ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု များ ပိုမိုတိုးမြှင့်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ ကြောင်း သိရှိရပါသည်။

EMBASSY OF MYA...

# နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ချန်းချန်းအား လက်ခံတွေ့ဆုံ



(၂-၇-၂၀၂၄ ရက်၊ နေပြည်တော်)

EMBASSY OF MYA

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ချန်းချန်းအား ၂-၇-၂၀၂၄ ရက် (၁၄၀၀) နာရီ အချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် စစ်တွေမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်အား လက်ခံတွေ့ဆုံ

(၁၀-၇-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ဘီဘောကာနန္ဒာ ဘတ္တာမစ်ရှရာ အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ (၁၁၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အိန္ဒိယကောင်စစ်ဝန်ချုပ်အနေဖြင့် စစ်တွေမြို့တွင် အခြေစိုက်၍ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြား သမိုင်းကြောင်းစဉ်လာရှိသည့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများကို ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။




EMBASSY OF MYANMAR, TOKYO

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးမှ မြန်မာနိုင်ငံသို့ မိတ်ဆက်ခရီးစဉ် လာရောက်လျက်ရှိသော ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာ မာနီ ပန်ဒေး အား လက်ခံတွေ့ဆုံ

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာ မာနီ ပန်ဒေး အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ နံနက် ၁၁:၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အလားတူ ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၏ အရေးကြီးမှုကိုလည်း အလေးထား ဆွေးနွေးခဲ့သည်။ ထို့ပြင် ဘင်းမ်စတက် အနာဂတ်ဦးတည်ချက်များဆိုင်ရာ ထင်ပေါ်ကျော်ကြား ပညာရှင်များအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု များ၊ ဘင်းမ်စတက်၏ ပင်မနှင့် ကဏ္ဍအလိုက် အစည်းအဝေးများကို ပုံမှန်ကျင်းပသွားရေး တို့အပေါ် ထည့်သွင်းဆွေးနွေးခဲ့သည်။ ဒုတိယဝန်ကြီးက နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဘင်းမ်စတက်ဌာနခွဲ အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်းမ်စတက်ညှိနှိုင်းရေးဌာန (BIMSTEC National Focal Point of Myanmar) အဖြစ် တာဝန်ယူလျက်ရှိပါကြောင်းနှင့် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့ လျင်မြန်စေရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးလွင်ဦးမှ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကြိုဆို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သံအမတ်ကြီး အင်ဒရာ မာနီ ပန်ဒေးသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ဘင်းမ်စတက်၏ (၄) ဦးမြောက် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အတွင်းရေးမှူးချုပ်သည် အခြားသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများသို့လည်း မိတ်ဆက် ခရီးစဉ်များ သွားရောက်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

EMBASSY OF MYANMAR, TOKYO

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation - BIMSTEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်း ထူထောင်ခဲ့သည့် ဒေသတွင်း အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း စသည့် အဖွဲ့ဝင် (၇) နိုင်ငံပါဝင်သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ(၇) ခုရှိသည့်အနက် မြန်မာနိုင်ငံသည် ဘင်းမ်စတက် "လယ်ယာစိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ" ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိသည်။



# နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးက အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ

**(၂၄-၇-၂၀၂၄ ရက်၊ နေပြည်တော်)**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ ၁၁:၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC မှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အကူအညီလိုအပ်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယ ဌာနေကိုယ်စားလှယ် Mr. Jan Miskoc တို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။




# ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

(၈-၇-၂၀၂၄ ရက်၊ တိုကျို)

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ညနေပိုင်းတွင် မြန်မာသံရုံး၊ တိုကျိုမြို့၌ တွေ့ဆုံခဲ့ပါသည်။

ထို့သို့တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး ကိစ္စရပ်များ၊ မြန်မာသံရုံး၊ တိုကျိုမြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။



EMBASSY OF MYANMAR, TOKYO

# ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က ဂျပန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

(၁၁-၇-၂၀၂၄ ရက်၊ တိုကျို)

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ဂျပန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Nikolay Stanislavovich NOZDREV အား ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၁ ရက်နေ့၊ ၁၁၀၀ နာရီတွင် မြန်မာသံရုံး၊ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံခဲ့ပါသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံသံရုံးများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။



# ဖူကုအိုကာမြို့တွင် ကျင်းပသော နိုင်ငံတကာကလေးသူငယ်များ ချစ်ကြည်ရင်းနှီးမှုပွဲတော် We are the BRIDGE Festival 2024 သို့ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်

(၁၉-၇-၂၀၂၄ ရက်၊ တိုကျို)

ဖူကုအိုကာမြို့ရှိ Asia-Pacific Children's Convention (APCC) မှ ကြီးမှူး၍ နိုင်ငံတကာ ကလေးသူငယ်များ ချစ်ကြည်ရင်းနှီးမှုဖလှယ်ရေးစီမံချက်အဖြစ် ကျင်းပသည့် Bridge Kids Summer Camp Program ၏ နိုင်ငံတကာကလေးများ၏ဖျော်ဖြေပွဲဖြစ်သော "We are the BRIDGE Festival 2024" အား ၁၉-၇-၂၀၂၄ ရက်နေ့တွင် ဖူကုအိုကာမြို့ရှိ Lalaport Fukuoka ပန်းခြံတွင် ကျင်းပပြုလုပ်ခဲ့ရာ သံအမတ်ကြီးဦးစိုးဟန် ပါဝင်တက်ရောက်ခဲ့ပါသည်။

ဂျပန်နှင့်နိုင်ငံတကာ ကျောင်းသားကျောင်းသူများအကြား ချစ်ကြည်ရင်းနှီးမှုဖလှယ်သည့် အဆိုပါပွဲတော်နှင့် Bridge Kids Summer Camp အစီအစဉ်သို့ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ ၁၁-၁၂ နှစ်အရွယ် ကလေးများပါဝင်ခဲ့ပြီး၊ မြန်မာနိုင်ငံအနေဖြင့် ရန်ကုန်မြို့ရှိ အ.ထ.က (၁) ဒဂုံ၊ ကမာရွတ်လေ့ကျင့်ရေးကျောင်းနှင့် အောင်ဆန်းသူရိယလှသောင်းကျောင်း တို့မှ ကျောင်းသား/ ကျောင်းသူ (၄) ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ခရီးစဉ်အတွင်း သံအမတ်ကြီးဦးစိုးဟန်သည် ကူမာမိုတိုမြို့ရှိ ကိုတိုကောလိပ်သို့ သွားရောက် လေ့လာခဲ့ပါသည်။ ထို့အပြင် သံအမတ်ကြီးသည် ကူမာမိုတိုမြို့ရှိ ဒေသန္တရ လွှတ်တော် အမတ်၊ ကျူရှူး-မြန်မာချစ်ကြည်ရေး အသင်းအဖွဲ့ဝင်များနှင့် မြန်မာအလုပ်သင် အလုပ်သမားများအား လက်ခံထားရှိသော ဂျပန်လုပ်ငန်းရှင်များနှင့် ဂျပန်သက်ကြီး ဘိုးဘွား ရိပ်သာစောင့်ရှောက်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ မြန်မာနှင့်ကူမာမိုတို ပြည်နယ်တို့ အကြား ပိုမိုပူးပေါင်းဆောင်ရွက် နိုင်ရေးကိစ္စရပ်များ၊ မြန်မာအလုပ်သင် အလုပ်သမားများ ခေါ်ယူဆောင်ရွက်နေမှု အခြေအနေနှင့် မြန်မာသံရုံးမှ လိုအပ်သည့် ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

EMBASSY OF MYANMAR TOKYO


https://www.facebook.com/mofamyanmar


We are the BRIDGE フェスティバル 2024
https://www.facebook.com/mofamyanmar
ミャンマー団 (Myanmar)
Title : Mingalar Par




## မြန်မာသံရုံး၊ တိုကျိုမြို့နှင့် NHK Cultural Promotion Centre တို့ပူးပေါင်း၍ Embassy Lecture on "Understanding Myanmar" ဆွေးနွေးပွဲအခမ်းအနားပြုလုပ်

EMBASSY OF MYANMAR

(၅-၇-၂၀၂၄ ရက် ၊ တိုကျို)

မြန်မာသံရုံး၊ တိုကျိုမြို့နှင့် NHK Cultural Promotion Centre တို့ ပူးပေါင်း၍ Embassy Lecture on "Understanding Myanmar" ဆွေးနွေးပွဲအခမ်းအနားအား မြန်မာသံရုံး၊ တိုကျိုမြို့တွင် ၅-၇-၂၀၂၄ ရက် (သောကြာနေ့)၊ နေ့လယ် ၁၁၃၀ နာရီမှ ၁၄၃၀ နာရီအထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ပထမဦးစွာ သံအမတ်ကြီးဦးစိုးဟန်မှ အဖွင့်အမှာစကားပြောကြား ခဲ့ပြီး၊ မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းအချက်အလက်များ၊ မြန်မာ-ဂျပန်ဆက်ဆံရေးသမိုင်းကြောင်း တို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ရိုက်ကူးထားသည့် Friendly Myanmar ဗီဒီယိုဖိုင်ကို ဖွင့်လှစ်ပြသခဲ့ပါသည်။ ထို့ပြင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ မြန်မာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု

အခွင့်အလမ်းများနှင့် မြန်မာ့ပညာရေး အချက်အလက်များနှင့် ပတ်သက်၍လည်း တာဝန်ရှိသူအသီးသီးတို့မှ ရှင်းလင်း ပြောကြားခဲ့ကြပါသည်။

ထို့နောက် မြန်မာအစားအစာဟင်းလျာများ၊ မြန်မာရိုးရာမုန့်မျိုးစုံနှင့် လက်ဖက်သုပ်၊ မြန်မာကော်ဖီ၊ မြန်မာလက်ဖက်ရည်စသည့် မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ ထို့ပြင် အခမ်းအနားတွင် မြန်မာ့ရိုးရာဝတ်စုံများ၊ မြန်မာလက်မှုအနုပညာ ပစ္စည်းများကို ခင်းကျင်းပြသခဲ့ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် မြန်မာနိုင်ငံအကြောင်းကို ဂျပန်လူမျိုးများအကြား ပိုမိုသိရှိနားလည်စေရန် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

TOKYO






Rich Talent Pool
Myanmar people are younger compared to the rest of the world. The median age in Myanmar is 30.8 years old.

MYANM




## နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တရုတ်-မြန်မာ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ Founding President ဖြစ်သူကို လက်ခံတွေ့ဆုံ

(၁၂-၇-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် တရုတ်-မြန်မာ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဥက္ကဋ္ဌနှင့် အသင်းတည်ထောင်ဖွဲ့စည်းသူ Mr. Li Fu Quan ဦးဆောင်သောအဖွဲ့အား ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၂ ရက် (၁၅:၀၀) နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြားရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို အခြေခံလျက် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ခြင်းဖလှယ်လျက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲအပြီးတွင် Mr. Li Fu Quan က အမြဲတမ်းအတွင်းဝန်အား “တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ခိုင်မြဲပါစေ” ဟု ရေးသားထားသည့် စာတန်းပါ ဆိုင်းဘုတ်ကို အမှတ်တရ လက်ဆောင် အဖြစ်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။




## (၅၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၂၅-၇-၂၀၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၅၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (မျက်နှာစုံညီအစည်းအဝေး) နှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တက်ရောက်ခဲ့သည်။

အဆိုပါအာဆီယံအစည်းအဝေးများတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုနိုင်ငံမှ ၂၀၂၄ ခုနှစ် အတွင်း ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကိစ္စ၊ အာဆီယံ အသိုက်အဝန်း ၂၀၄၅ မျှော်မှန်းချက် ရေးဆွဲလျက်ရှိသည့်ကိစ္စ၊ အရှေ့တောင်အာရှ

ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ဝင်ရောက်လက်မှတ်ရေးထိုးရန် လျှောက်ထားသည့် နိုင်ငံများကိစ္စ၊ (၄၄) ကြိမ်နှင့် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများ ကျင်းပပြုလုပ်မည့်ကိစ္စ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေး တိုးမြှင့်ရေးကိစ္စ၊ မြန်မာ့အရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

၂၆-၇-၂၀၂၄ ရက်တွင် အာဆီယံနှင့် ဆွေးနွေးဖက် (၁၀)နိုင်ငံ (ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုးရီးယား၊ ရုရှား၊ ဗြိတိန်)တို့အကြား သီးခြားစီ ကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ (PMC) အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အဆိုပါအစည်းအဝေးများတွင် အာဆီယံနှင့် သက်ဆိုင်ရာဆွေးနွေးဖက်နိုင်ငံများ၏ ပူးပေါင်း ဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေး၏ ညှိနှိုင်းရေးမှူး တာဝန်ကို ထမ်းဆောင်လျက်ရှိရာ ၂၆-၇-၂၀၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ-တရုတ် ဆွေးနွေးဘက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က ပူးတွဲသဘာပတိ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်း အစည်းအဝေးများနှင့် တစ်ဆက်တည်းကျင်းပပြုလုပ်သည့် (၁၅)ကြိမ်မြောက်မဲခေါင်-ဂျပန် နိုင်ငံခြား ရေးဝန်ကြီးများ အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် မဲခေါင်-ကိုးရီးယား နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး၊ ၂၇-၇-၂၀၂၄ ရက်နေ့တွင် ကျင်းပသည့် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အရှေ့အာရှထိပ်သီး အစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃၁)ကြိမ်မြောက် အာဆီယံ ဒေသဆိုင်ရာ ဖိုရမ်အစည်းအဝေးများသို့လည်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

EMBASSY OF MYANMAR, TOKYO

အဆိုပါအစည်းအဝေးများတွင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများ (တရုတ်၊ ဂျပန်၊ တောင်ကိုးရီးယား)၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနိုင်ငံများ (ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုးရီးယား၊ အမေရိကန်၊ ရုရှား) တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ အပေါ်သုံးသပ်ခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာရှ-ပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ နှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ၏ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံဆွေးနွေးဖက် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် တို့ တက်ရောက်ခဲ့ပြီး တီမောလက်စ်တေနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးက လေ့လာသူနိုင်ငံအဖြစ် ပါဝင်တက်ရောက်ခဲ့သည်။




https://www.facebook.com/mofamyanmar
ASEAN
LAO PDR 2024
25th ASEAN PLUS THREE FOREIGN MINISTERS' MEETING
27 JULY 2024, VIENTIANE, LAO PDR


https://www.facebook.com/mofamyanmar
ASEAN
LAO PDR 2024
ASEAN : Enhancing Connectivity and Resilience
ASEAN POST MINISTERIAL CONFERENCE
WITH CHINA
26 JULY 2024, VIENTIANE, LAO PDR
MYANMAR


https://www.facebook.com/mofamyanmar
ASEAN
LAO PDR 2024
ASEAN : Enhancing Connectivity and Resilience
ASEAN POST MINISTERIAL CONFERENCE
WITH THE REPUBLIC OF KOREA
26 JULY 2024, VIENTIANE, LAO PDR


https://www.facebook.com/mofamyanmar
ASEAN
LAO PDR 2024
ASEAN : Enhancing Connectivity and Resilience
ASEAN POST MINISTERIAL CONFERENCE
WITH RUSSIA
26 JULY 2024, VIENTIANE, LAO PDR


https://www.facebook.com/mofamyanmar
ASEAN
LAO PDR 2024
ASEAN : Enhancing Connectivity and Resilience
ASEAN POST MINISTERIAL CONFERENCE WITH NEW ZEALAND
26 JULY 2024, VIENTIANE, LAO PDR


https://www.facebook.com/mofamyanmar
ASEAN
LAO PDR 2024
ASEAN : Enhancing Connectivity and Resilience
ASEAN POST MINISTERIAL CONFERENCE
WITH JAPAN
26 JULY 2024, VIENTIANE, LAO PDR




## စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chief's Meeting) ကို နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker ၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel ၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire ၊ သီရိလင်္ကာနိုင်ငံမှ General Kamal

Gunaratne (Retd)WWV RWP RSP USP Ndc psc MPHIL ၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများမှ ဘင်္ဂလားပင်လယ် အော်ဒေသအတွင်း လုံခြုံရေးဆိုင်ရာ သမားရိုးကျစိန်ခေါ်မှုများနှင့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်များကို နိုင်ငံအလိုက်ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဘင်းမ်စတက်အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများက အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သက်ဆိုင်ရာ လုံခြုံရေးကဏ္ဍအလိုက် ထိရောက်သည့် သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေနိုင်ရေး၊ ဒေသတွင်းလက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေး ဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင် ထားရှိရမည့် အခြေအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် နည်းလမ်းများကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။




E MYANMAR, TOKYO




## မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

(၁၈-၇-၂၀၂၄ ရက်၊ နေပြည်တော်)

မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာအခြေအနေနှင့် စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့ကထုတ်ပြန်သည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ နိုင်ငံရေးရာအထူးကိစ္စရပ်များ တာဝန်ခံ သံအမတ် Mr. Robert Wood က ၁၅-၇-၂၀၂၄ ရက်တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်ရှိ သတင်းစာရှင်းလင်းပွဲ ကျင်းပသည့်နေရာ၌ ဖတ်ကြားခဲ့သည်ကို တွေ့ရှိရသည်။

အဆိုပါပူးတွဲသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တစ်ဖက်သတ် စွပ်စွဲချက်များ၊ အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသော ဖော်ပြချက်များ ပါရှိသည်။ မြန်မာအစိုးရသည် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုအကူအညီလိုအပ်သည့် ပြည်သူလူထုထံ ခွဲခြားမှုမရှိဘဲ အကူအညီများ ရောက်ရှိရေး အစဉ်တစိုက်အလေးထားလျက် ကုလသမဂ္ဂနှင့်လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် စစ်မှန်သည့် စိတ်ထားဖြင့် အကူအညီပေးလိုသည့် နိုင်ငံများနှင့်လည်းကောင်း၊ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာအစိုးရသည် လူသားချင်းစာနာမှု အကူအညီလိုအပ်သူများအတွက် အကူအညီများကို အာဆီယံလူသားချင်းစာနာထောက်ထားမှု

EMBASSY OF MYANMAR, TOKYO

အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management- AHA Centre) မှတစ်ဆင့် ရယူလျက်ရှိသည်။

မြန်မာအစိုးရက ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ပြည်တွင်းခရီးသွားလာခွင့်နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေခွင့်တို့ကို လုံခြုံရေးအခြေအနေအပေါ် မူတည်၍ အတတ်နိုင်ဆုံး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် အများပြည်သူ၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ လူမဆန်သော တိုက်ခိုက်မှုများကြောင့် ယခုအချိန် အထိ အပြစ်မဲ့ပြည်သူပေါင်း ၇၈၈၀ ဦးကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ အဆိုပါ ပူးတွဲသတင်း ထုတ်ပြန်ချက်သည် ယင်းအကြမ်းဖက်မှုလုပ်ရပ်များကို မျက်ကွယ်ပြုထားသည်ကို တွေ့ရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို ၂၆၆၉ တွင် မြန်မာနိုင်ငံအပေါ် နိုင်ငံရေး သွတ်သွင်းမှုများစွာ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာ တွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ အခြေခံမူဝါဒ ရပ်တည်ချက်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြေပြင်အခြေအနေမှန်နှင့် ဖြစ်ရပ်မှန် အချက်အလက်များကို ထင်ဟပ်ဖော်ပြခြင်းမရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်များနှင့် သတင်းမှားများကို အခြေခံပြီး၊ နိုင်ငံရေးသဘော သက်ရောက်စေသည့် ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲသတင်း ထုတ်ပြန်ချက်အပေါ် ပြင်းထန်စွာကန့်ကွက်သည်။

## မျိုးသုန်းပျောက်ကွယ်တော့မည့် ရှားပါးတိုက်လိပ် ၁,၀၀၀ ကျော်ကို မြန်မာနိုင်ငံတွင် ထိန်းသိမ်းကာကွယ်ထား

တစ်ကမ္ဘာလုံး၌ မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသည့် ရှားပါးတိုက်လိပ် ၁,၀၀၀ ကျော်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ် လင်းဖားကျေးရွာအနီးရှိ ချင်းတွင်းမြစ်အတွင်း ထိန်းသိမ်းထားလျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် တိုက်လိပ် ၁၀၀၀ ကျော် ရှိပြီး၊ ၎င်းတို့ကို လင်းဖား

EMBASSY OF MYANMAR, TOKYO

ကျေးရွာ ရေချိုလိပ် ထိန်းသိမ်းရေးစခန်းတွင် ခြံလှောင်ထိန်းသိမ်းမွေးမြူလျက်ရှိပြီး နှစ်စဉ် တိုက်လိပ် ၂၀၀ ကျော်ကို ချင်းတွင်းမြစ်အတွင်းသို့ စေလွှတ်ပေးလျက် ရှိပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ တတိယပတ်တွင် တိုက်လိပ် အထီး ၂၅ ကောင်နှင့် အမ ၂၅ ကောင်ကို ချင်းတွင်းမြစ်အတွင်းသို့ ၆ ကြိမ်မြောက်အဖြစ် စေလွှတ်ပေးခဲ့ပါသည်။ အရွယ်ရောက် တိုက်လိပ် အထီးများ၏ ကျောရိုးခွံမှာ ၅၈ စင်တီမီတာအထိ ရှည်လျားပြီး၊ ဦးခေါင်းပိုင်းနှင့် လည်ပင်း ပိုင်းမှာ အညိုရောင် (သို့မဟုတ်) အစိမ်းရင့်ရောင် ဖြစ်ပြီး ရင်ခွံမှာ အဝါရောင် (သို့မဟုတ်) နို့နှစ် ရောင် ဖြစ်ပါသည်။ ဦးခေါင်းအရွယ်အစားမှာ အလယ်အလတ်ဖြစ်ပြီး၊ နှာယောင်မှာ အနည်းငယ် ချွန်ထွက်ကာ မေးရိုးမှာ အရောင်ဖျော့ကြပါသည်။

မြန်မာ့ဒေသရင်းမျိုးစိတ်ဖြစ်သည့် တိုက်လိပ်များကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်ကြော တစ်လျှောက်တွင် တွေ့ရှိရပါသည်။ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် ခန္တီးမြို့နယ်နှင့် မိုင် ၂၀ အကွာ ချင်းတွင်းမြစ်အတွင်း လင်းဖားရေလယ်ဘုရား သဲသောင်ပေါ်တွင် တိုက်လိပ်ဥများကို တွေ့ရှိခဲ့ကြပြီး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် ချင်းတွင်း မြစ်အထက်ပိုင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs) ပူးပေါင်းကာ ထိန်းသိမ်းမွေးမြူ ခဲ့ခြင်း ဖြစ်ပါသည်။

ကမ္ဘာတွင် လိပ်အမျိုးအစား ၃၀၀ ကျော်ရှိပြီး ၃၂ မျိုးကို မြန်မာနိုင်ငံတွင် တွေ့ရှိရပါ သည်။ လိပ်များကို ရေလိပ်နှင့်ကုန်းလိပ်ဟူ၍ အမျိုးအစားခွဲခြားထားပြီး၊ ရေလိပ်များကို ရေချို လိပ်နှင့် ပင်လယ်လိပ်ဟူ၍ ဂေဟစနစ်ပေါ်မူတည်၍ ထပ်မံခွဲခြားထားပါသည်။ ရေလိပ်အများစု မှာ အပင်နှင့်တိရိစ္ဆာန်(၂)မျိုးလုံးကို စားသုံးကြပါသည်။ The International Union for Conservation of Nature (IUCN) ၏ မျိုးသုန်းပျောက်ကွယ်လုနီးပါး ဖြစ်သည့် မျိုးစိတ်များ စာရင်းတွင် မြန်မာ့တိုက်လိပ်များကို ထည့်သွင်းထားပြီး၊ မြန်မာ့တိုက်လိပ်များကို သစ်တော ဥပဒေနှင့် ကာကွယ်ထိန်းသိမ်းထားလျက် ရှိပါသည်။

မြန်မာ့ဒေသရင်းမျိုးစိတ်ဖြစ်သည့် တိုက်လိပ်မျိုးစိတ်များကို အာဆီယံနိုင်ငံများတွင် လည်း မြန်မာနိုင်ငံ၌သာ တွေ့ရှိရပြီး၊ စင်ကာပူနိုင်ငံရှိ တိရိစ္ဆာန်ဥယျဉ်တွင် မြန်မာ့တိုက်လိပ်ကို မွေးမြူထားပြီး အလားတူကမ္ဘောဒီးယားနိုင်ငံတွင်လည်း မြန်မာ့တိုက်လိပ်ကို မွေးမြူထားပါ သည်။ မြန်မာ့တိုက်လိပ်ကို ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ ရတနာပုံတိရိစ္ဆာန်ဥယျာဉ်၊ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တို့တွင်လည်း မွေးမြူထားပါသည်။ တိုက်လိပ်များသည် နှစ် ၆၀ မှနှစ် ၁၀၀

EMBASSY OF MYANMAR, TOKYO

ထိနေနိုင်ကြပြီး၊ ၎င်းတို့၏ သက်တမ်းကို ကျောခွံပေါ်ရှိ အစင်းကြောင်းများပေါ် မူတည်၍ ဆုံးဖြတ်နိုင်ပါသည်။

တိုက်လိပ်များသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၂၆၀ နီးပါးကတည်းက ကမ္ဘာတွင် ရှိခဲ့ကြပြီး ဒိုင်နိုဆောများထက်ပင် သက်တမ်းရှည်ကြာစွာ တည်ရှိခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

Source: The Global New Light of Myanmar (2-7-2024)



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လပတ် ကာလတွင် အမေရိကန်ဒေါ်လာ ၁၄၃ သန်း ကျော် တန်ဖိုးရှိ ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၂၈ ရက်နေ့အတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၄၃.၂၄၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ တင်ပို့နိုင်ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၁၁၁.၉၈၄ သန်း တန်ဖိုးရှိ ရေထွက်ကုန်များကို တင်ပို့နိုင်ခဲ့သည့်အတွက် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁.၂၆ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့်နယ်စပ်ဂိတ်များမှတစ်ဆင့် တင်ပို့လျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို ဂျပန်၊ ဥရောပနိုင်ငံများ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိပြီး၊ ငါး၊ ပုစွန်နှင့်အခြားသော ရေထွက်ကုန်များကို မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်နှင့် မောင်တော နယ်စပ်ဂိတ်များမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့လျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ငါးသလောက်၊ ငါးခူ၊ ကကတစ်ငါး၊ ငါးမြစ်ခြင်း အပါအဝင် ငါးအမျိုးအစား ၂၀ ကျော်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို အဓိကအားဖြင့် တရုတ်နှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး၊ စုစုပေါင်း ပြည်ပနိုင်ငံ ၄၀ ကျော်သို့ တင်ပို့လျက် ရှိပါသည်။

**Source: The Global New Light of Myanmar (9-7-2024)**



# ကံပိုက်တီးနယ်စပ်ဂိတ်မှ ကုန်သွယ်မှုပမာဏမှာ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရှိခဲ့

၂၀၂၄ ခုနှစ်၊ ဇွန်လတွင် မြန်မာ-တရုတ်နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ကံပိုက်တီး နယ်စပ်ဂိတ်မှ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁ သန်းရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လတွင် ကံပိုက်တီး နယ်စပ်ဂိတ်မှ အမေရိကန်ဒေါ်လာ ၄ သန်းတန်ဖိုးရှိ ကုန်စည်များ တင်ပို့ကာ၊ အမေရိကန်ဒေါ်လာ ၁ သန်းတန်ဖိုးရှိ ကုန်စည်များ တင်သွင်း ခြင်းဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ သန်းရရှိစေရေး လျာထား ဆောင်ရွက်ခဲ့သော်လည်း အမှန်ပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၉.၈၄၇ သန်းနှင့် သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၁၁.၇၈၉ သန်းရှိခဲ့ပြီး၊ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁.၆၃၆ သန်း ရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားပါသည်။

ကံပိုက်တီး နယ်စပ်ဂိတ်မှ အဓိကတင်ပို့လျက် ရှိသည့် ကုန်စည်များမှာ တစ်ရှူးငှက်ပျော၊ ရွှေဖရုံသီး၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ သရက်သီးခြောက်၊ ကွမ်းသီး၊ ဖာလာစေ့၊ ပဲအမျိုးမျိုး၊ မန်ကျည်းသီးနှင့် အလူမီနီယံအပိုင်းအစများ ဖြစ်ပြီး၊ အဓိက တင်သွင်းလျက်ရှိသည့် ကုန်စည် များမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ ကုန်ကြမ်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လူသုံးကုန်များ၊ သစ်သီးဝလံနှင့် လောင်စာဆီတို့ ဖြစ်ပါသည်။

တစ်နေရာတည်း၌ အလုံးစုံဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဌာနများ စုပေါင်းဖွဲ့စည်းထားသည့် ပူးပေါင်းအဖွဲ့အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့ စေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေး အလေးထား ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဇွန်လအထိ ပထမသုံးလပတ် ကာလတွင် မြန်မာ-တရုတ် နယ်စပ်ဂိတ် များမှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်ခဲ့သည့်အနက် ကံပိုက်တီးနယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှု ပြုလုပ်ခဲ့မှုသည် တတိယအများဆုံး ဖြစ်ခဲ့ပါသည်။

**Source: The Global New Light of Myanmar (11-7-2024)**

EMBASSY OF MYANMAR, TOKYO




## မြန်မာ့ပြောင်းတန်ချိန် ၅ သိန်းကို အိန္ဒိယသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့လျက်ရှိ

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာ့ပြောင်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလျက်ရှိပြီး၊ မြန်မာနိုင်ငံမှ ပြောင်းတန်ချိန် ၅ သိန်းခန့် တင်သွင်းထားပြီး ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် ကုန်စည်ဈေးနှုန်းများ ကျဆင်းစေရေးအတွက် အိန္ဒိယအစိုးရအနေဖြင့် ပြောင်းအပြင် နေကြာဆီ၊ ပန်းဂျုံဆီနှင့် နို့မှုန့်များကို သတ်မှတ်ပမာဏအတွင်း သတ်မှတ်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုသည့် စနစ် (Tariff Rate Quota System) ကို ခွင့်ပြုပေးသွားမည်ဖြစ်ပြီး၊ တင်သွင်းသူများအနေဖြင့် အကောက်ခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) အကောက်ခွန်နှုန်း အနည်းငယ်ပေးဆောင်ခြင်းဖြင့် တင်သွင်းခွင့် ရရှိမည် ဖြစ်ပါသည်။

အိန္ဒိယအစိုးရအနေဖြင့် ပြောင်းတန်ချိန် ၅ သိန်း၊ နေကြာဆီ တန်ချိန် ၁ သိန်းခွဲ၊ ပန်းဂျုံဆီ တန်ချိန် ၁ သိန်းခွဲ၊ နို့မှုန့် တန်ချိန် ၁ သောင်းတို့ကို တင်သွင်းခွင့် ပြုထားပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်း၌ ဟင်းသီးဟင်းရွက်ဆီ ဖူလုံရေးအတွက် နိုင်ငံ့သုံးစွဲမှု၏ ၃ ပုံ ၂ ပုံနီးပါးကို

ပြည်ပမှ တင်သွင်းလျက်ရှိပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် စားအုန်းဆီကို အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ လည်းကောင်း၊ နေကြာဆီနှင့် ပဲပိစပ်ဆီကို ရုရှား၊ ယူကရိန်း၊ အာဂျင်တီးနားနှင့် ဘရာဇီးတို့မှ လည်းကောင်း၊ ပြောင်းကို မြန်မာနိုင်ငံမှ လည်းကောင်း အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလျက် ရှိပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာတွင် စားအုန်းဆီ၊ ပဲပိစပ်ဆီနှင့် ဟင်းသီးဟင်းရွက်ဆီ အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး၊ ကမ္ဘာတွင် နွားနို့အများဆုံး ထုတ်လုပ်သည့် နိုင်ငံလည်း ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် ရာသီဥတုဆိုးရွားမှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ပြီး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး နှောင့်နှေးမှုများ ကြုံတွေ့နေရပါသည်။ အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာလိုအပ်ချက်မှာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ နိုင်ငံပိုင် လုပ်ငန်းများဖြစ်သည့် National Dairy Development Board, The National Cooperative Dairy Federation of India နှင့် The National Agricultural Cooperative Management Federation (NAFED) တို့အား အိန္ဒိယအစိုးရမှ စားသုံးဆီ တင်သွင်းခွင့်ပြုထားပြီး ဖြစ်ပါသည်။



EMPORIUM MYANMAR TOKYO

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လတာ ကာလအတွင်း လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၃၉ ဘီလီယံ ဝင်ငွေရရှိခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁.၃၉ ဘီလီယံတန်ဖိုးရှိ လယ်ယာထွက်ကုန်များ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ယခင်နှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၈၄၃.၆ သန်းတန်ဖိုးရှိ လယ်ယာထွက်ကုန်များ တင်ပို့နိုင်ခဲ့သည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက လယ်ယာ ထွက်ကုန် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၄၉.၄၂၆ သန်း ပိုမိုများပြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ နယ်စပ်ဂိတ်များနှင့် ပင်လယ်ရေကြောင်းတို့မှ တစ်ဆင့် ပို့ကုန်များ တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချော ပစ္စည်းများကို တင်ပို့လျက် ရှိပြီး၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ CMP ကုန်ကြမ်းများနှင့် လူသုံးကုန်ပစ္စည်းများကို တင်သွင်းလျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) (၂၀၂၀-၂၀၂၅) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါ ပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ၊ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍ၊ လျှပ်စစ်နှင့် အီလက်ထရောနစ် စက်ပစ္စည်းကဏ္ဍ၊ ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက် ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေး စီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှု သတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍနှင့် တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍတို့ ပါဝင်ပါသည်။

**Source: The Global New Light of Myanmar (12-7-2024)**

EMBASSY OF MYANMAR, TOKYO



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လပတ်ကာလတွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်ခဲ့

EMBASSY OF MYANMAR,

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လတာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၃.၅ ဘီလီယံတန်ဖိုးရှိ ကုန်စည်များ တင်ပို့ခဲ့ကာ အမေရိကန်ဒေါ်လာ ၃.၂၇ ဘီလီယံတန်ဖိုးရှိ ကုန်စည်များ တင်သွင်းခဲ့ပြီး၊ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၆.၈ ဘီလီယံ ရှိခဲ့ကြောင်းနှင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၅၄.၉ သန်းနီးပါး ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

ယခင်နှစ် အလားတူကာလတွင် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈.၃ ဘီလီယံ ရှိခဲ့သည့်အတွက် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုဘဏ္ဍာနှစ် ပထမ ၃ လတာကာလတွင် ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံ လျော့နည်းခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လတာ ကာလအတွင်း ပင်လယ်ရေကြောင်းမှ တစ်ဆင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅.၄၈ ဘီလီယံရှိခဲ့ပြီး၊ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁.၃၂ ဘီလီယံ ရှိခဲ့ပါသည်။ ယခင်နှစ် အလားတူကာလတွင် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅.၆ ဘီလီယံနှင့် နယ်စပ်မှ တစ်ဆင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၂.၆၉ ဘီလီယံ ရှိခဲ့သည့်အတွက် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက

နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၃၇ ဘီလီယံ လျော့နည်းခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချော ပစ္စည်းများကို တင်ပို့လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ကြမ်းများကို တင်သွင်း လျက် ရှိပါသည်။

**Source: The Global New Light of Myanmar (12-7-2024)**




## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လပတ် ကာလတွင် သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈ သန်းကျော် ဝင်ငွေရရှိခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လတာ ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၄၈ သန်းကျော် တန်ဖိုးရှိ သတ္တုတွင်းထွက်များ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၅ ရက်နေ့အထိ မြန်မာနိုင်ငံအနေဖြင့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအပါအဝင် သတ္တုတွင်းထွက်များ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈.၉၃၁ သန်း ဝင်ငွေ ရရှိခဲ့ပါသည်။ ပုဂ္ဂလိက ကဏ္ဍမှ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈.၂၇၁ သန်း ဝင်ငွေရရှိခဲ့ပြီး၊ အစိုးရကဏ္ဍမှ တင်ပို့မှု အမေရိကန်ဒေါ်လာ ၀.၆၆၀ သန်း ဝင်ငွေရရှိခဲ့ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သတ္တုတွင်းထွက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၈ သန်းဝင်ငွေ ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရွှေ၊ ကျောက်စိမ်း၊ ပုလဲ၊ စိန်၊ ခဲ၊ သံဖြူ၊ ငွေ၊ ကြေးနီ၊ ဇင့်၊ ကျောက်မီးသွေးနှင့် အခြားသော သတ္တုသယံဇာများကို တင်ပို့ခဲ့ပါသည်။

**Source: The Global New Light of Myanmar (16-7-2024)**



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ ၃ လပတ်ကာလတွင် မြန်မာ့ဆန်ကို တရုတ်နိုင်ငံမှ တန်ချိန် ၉၁,၀၀၀ ကျော်ဖြင့် အများဆုံးဝယ်ယူတင်သွင်းခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ ၃ လပတ်ကာလတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာ နိုင်ငံမှ ဆန် ၉၁,၅၀၀ တန် တင်သွင်းခဲ့ပြီး၊ မြန်မာ့ဆန် အများဆုံးဝယ်ယူခဲ့သည့် နိုင်ငံ ဖြစ်ခဲ့ ကြောင်း၊ မြန်မာ့ဆန်ကို ဒုတိယအများဆုံးဝယ်ယူခဲ့သည့်နိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး တန်ချိန် ၈၄,၃၀၀ ကျော် ဝယ်ယူခဲ့ကြောင်း၊ တတိယအများဆုံးဝယ်ယူခဲ့သည့် နိုင်ငံမှာ ဘယ်လ်ဂျီယံနိုင်ငံမှ ဖြစ်ပြီး

တန်ချိန် ၅၃,၂၀၀ ကျော် ဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အဖွဲ့ချုပ်မှ ထုတ်ပြန်ထား ပါသည်။

ထို့ပြင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လတာကာလတွင် မြန်မာ့ဆန်တန်ချိန် ၂၃,၅၀၀ ကျော်ကို စပိန်နိုင်ငံသို့လည်းကောင်း၊ တန်ချိန် ၁၀,၀၀၀ ကျော်ကို အီတလီနိုင်ငံသို့ လည်းကောင်း တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ် ပထမ(၃)လတာ ကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၃၄၅,၄၆၇.၃ တန် ကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၇၅ သန်းဝင်ငွေရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရာဘာစိုက်ပျိုး ထုတ်လုပ်သူများ အသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့နှင့် ပူးပေါင်း၍ ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးနှင့် ပို့ကုန်လျာထားချက် ပြည့်မီစေရေး ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့ သော်လည်း ဆန်တန်ချိန် ၁.၆ သန်းသာ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်း ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိ ခဲ့ပါသည်။

Source: The Global New Light of Myanmar (၂၁-၇-၂၀၂၄)

EMBASSY OF MYANMAR, TOKYO



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၁၂ ရက်နေ့အထိ မြန်မာ့ပဲအမျိုးမျိုးတန်ချိန် ၇၄၀,၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၄၂ သန်း ရရှိခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၁၂ ရက်နေ့အတွင်း ပဲအမျိုးမျိုး တန်ချိန် ၇၄၃,၀၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၄၂ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၁၂ ရက်နေ့အတွင်း အမေရိကန်ဒေါ်လာ ၆၂၁.၃၇၆ သန်း တန်ဖိုးရှိ ပဲအမျိုးမျိုးတန်ချိန် ၇၁၈,၁၆၀ ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၂၁.၀၇၈ သန်း တန်ဖိုးရှိ ပဲအမျိုးမျိုးတန်ချိန် ၂၅,၁၉၄ ကျော်ကို နယ်စပ်ဂိတ်များမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁.၄၈၄ ဘီလီယံကျော်တန်ဖိုးရှိ ပဲအမျိုးမျိုးတန်ချိန် ၁.၇၆ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး၊ အမေရိကန် ဒေါ်လာ ၁.၃၄ ဘီလီယံတန်ဖိုးရှိ ပဲအမျိုးမျိုးတန်ချိန် ၁.၆ သန်းကို ပင်လယ်ရေကြောင်းမှတစ်ဆင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁၄၁.၃၈ သန်းတန်ဖိုးရှိ ပဲအမျိုးမျိုး တန်ချိန် ၁၅၇,၄၀၀ တန်ကို နယ်စပ်ဂိတ်

EMBASSY OF MYANMAR,

များမှတစ်ဆင့်လည်းကောင်း တင်ပို့ခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို ပြည်ပနိုင်ငံများသို့ အများဆုံး တင်ပို့လျက်ရှိပြီး မတ်ပဲနှင့် ပဲစင်းငုံတို့ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ပဲတီစိမ်းကို တရုတ်နှင့် ဥရောပနိုင်ငံများသို့လည်းကောင်း အဓိကတင်ပို့လျက် ရှိပါသည်။ လတ်တလောတွင် အိန္ဒိယ နိုင်ငံအနေဖြင့် မတ်ပဲနှင့်ပဲစင်းငုံတို့ ဝယ်လိုအား မြင့်မားလာလျက် ရှိသည်ကို တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် မတ်ပဲတန်ချိန် ၂၅၀,၀၀၀ နှင့် ပဲစဉ်းငုံတန်ချိန် ၁ သိန်းတို့ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ၅ နှစ်ဆက်တိုက် ဝယ်ယူ သွားရန် မြန်မာနိုင်ငံအစိုးရနှင့် နားလည်မှုစာချွန်လွှာကို ၁၈-၆-၂၀၂၁ ရက်နေ့တွင် ရေးထိုး ထားပြီး ဖြစ်ပါသည်။ အဆိုပါ အစိုးရအချင်းချင်းချုပ်ဆိုထားသော စာချုပ်သည် အိန္ဒိယ အစိုးရ က သတ်မှတ်ထားသည့် နှစ်စဉ်ပဲတင်သွင်းခွင့် ကန့်သတ်ချက်ပမာဏအပေါ် သက်ရောက်မှု မရှိသည့်အတွက် မြန်မာနိုင်ငံမှ ပဲအမျိုးမျိုးတင်ပို့သူများအနေဖြင့် အိန္ဒိယနိုင်ငံသို့ အဆိုပါ နားလည်မှုစာချွန်လွှာအရ ဆက်လက်တင်ပို့နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်ပဲတန်ချိန် ၄၀၀,၀၀၀ ထုတ်လုပ်လျက်ရှိပြီး၊ ပဲစင်းငုံတန်ချိန် ၅၀,၀၀၀ ထုတ်လုပ်လျက် ရှိပါသည်။ အိန္ဒိယမှ ဝယ်ယူလျက်ရှိသည့် မတ်ပဲအမျိုးအစားသည် မြန်မာနိုင်ငံတွင်သာ အများဆုံး စိုက်ပျိုးထွက်ရှိသည့် ပဲအမျိုးအစား ဖြစ်ပြီး ကျန်ပဲအမျိုးအစား များဖြစ်သည့် ပဲစင်းငုံ၊ ပဲတီစိမ်း နှင့် ကုလားပဲတို့ကို အာဖရိကနှင့် ဩစတြေးလျတို့တွင် ထွက် ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO



## မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၁၂ ရက်နေ့အထိ လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံကျော် ဝင်ငွေရရှိခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၁၂ ရက်နေ့အတွင်း အမေရိကန်ဒေါ်လာ ၁.၅၅၇ ဘီလီယံတန်ဖိုးရှိ လယ်ယာထွက်ကုန်များ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ယခင်နှစ် အလားတူကာလတွင် မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၉၄၈.၄၆၈ သန်းတန်ဖိုးရှိ လယ်ယာထွက်ကုန်များ တင်ပို့နိုင်ခဲ့သည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက လယ်ယာထွက်ကုန် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆၁၁.၁၁ သန်း ပိုမိုများပြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ နယ်စပ်ဂိတ်များနှင့် ပင်လယ်ရေကြောင်းတို့မှ တစ်ဆင့် လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တော ထွက်ပစ္စည်းများနှင့် စက်မှုကုန်ချော ပစ္စည်းများကို တင်ပို့လျက် ရှိပြီး ရင်းနှီးမြှုပ်နှံမှုကုန် ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ CMP ကုန်ကြမ်းများနှင့် လူသုံးကုန်ပစ္စည်းများကို တင်သွင်းလျက် ရှိပါသည်။

EMBASSY OF MYANMAR, TOKYO

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) (၂၀၂၀-၂၀၂၅) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါ ပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ၊ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍ၊ လျှပ်စစ်နှင့် အီလက်ထရောနစ် စက်ပစ္စည်းကဏ္ဍ၊ ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက် ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေး စီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှု သတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍနှင့် တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍတို့ ပါဝင်ပါသည်။

**Source: The Global New Light of Myanmar (24-7-2024)**



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၁၂ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၁၆၅ သန်းကျော် တန်ဖိုးရှိ ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၁၂ ရက်နေ့အထိ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၆၅.၁၈၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ တင်ပို့နိုင်ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် အမေရိကန်

ဒေါ်လာ ၁၃၇.၈၉၄ သန်း တန်ဖိုးရှိ ရေထွက်ကုန်များကို တင်ပို့နိုင်ခဲ့သည့် အတွက် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇.၂၉၈ သန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့်နယ်စပ်ဂိတ်များမှတစ်ဆင့် တင်ပို့လျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို ဂျပန်၊ ဥရောပနိုင်ငံများ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိပြီး၊ ငါး၊ ပုစွန်နှင့်အခြားသောရေထွက်ကုန်များကို မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်နှင့် မောင်တော နယ်စပ်ဂိတ်များမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့လျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ငါးသလောက်၊ ငါးခူ၊ ကကတစ်ငါး၊ ငါးမြစ်ခြင်း အပါအဝင် ငါးအမျိုးအစား ၂၀ ကျော်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို အဓိကအားဖြင့် တရုတ်နှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့လျက် ရှိပြီး၊ စုစုပေါင်း ပြည်ပနိုင်ငံ ၄၀ ကျော်သို့ တင်ပို့လျက် ရှိပါသည်။

**Source: The Global New Light of Myanmar (26-7-2024)**

EMBASSY OF MYANMAR, TOKYO



EMBASSY OF MYANMAR,

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၃ လပတ် ကာလအတွင်း မြန်မာ့ပျားရည် တန်ချိန် ၅၄၀ ကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ၀.၈၁၆ သန်းတန်ဖိုးရှိ ပျားရည်တန်ချိန် ၅၄၄.၃၁ တန်ကျော် တင်ပို့နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၃ လတာ ကာလအတွင်း ပင်လယ်ရေကြောင်းမှ တစ်ဆင့် ပျားရည်တန်ချိန် ၅၁၇.၃၁ တန် တင်ပို့နိုင်ခဲ့ပြီး၊ နယ်စပ်မှ တစ်ဆင့် ပျားရည်တန်ချိန် ၂၇ တန် တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာ့ပျားရည်ကို ဂျပန်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိပြီး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၃ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၅၀၂,၉၆၅ တန်ဖိုးရှိ ပျားရည် တန်ချိန် ၃၃၅.၃၁ တန်ကို ဂျပန်နိုင်ငံသို့ လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၅၀ ဒေါ်လာတန်ဖိုးရှိ ပျားရည် ၀.၅ တန်ကို လည်းကောင်း၊ ထိုင်း နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၂၇၂,၂၅၀ တန်ဖိုးရှိ ပျားရည် ၁၈၁.၅ တန်ကို လည်းကောင်း၊ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၀,၅၀၀ တန်ဖိုးရှိ ပျားရည် ၂၇ တန်ကိုလည်းကောင်း တင်ပို့ခဲ့ပါသည်။

မြန်မာ့ပျားရည်ကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ အမေရိကန်နှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာ နှစ်တွင် ပျားရည် တန်ချိန် ၂,၂၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းများကို အဓိကအားဖြင့် စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီး ပဲခူးတိုင်း ဒေသကြီး၊ မကွေးတို်ငးဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ပျားမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် နှမ်းပျားရည် (Sesame Honey) ၊ ဇီးပျားရည် (Jujube Honey) ၊ ပန်းနှမ်းပျားရည် (Niger Honey)၊ နေကြာပျားရည် (sunflower Honey)၊ လိုင်ချီးပျားရည် (Lychee Honey) နှင့် ပန်းပျားရည် (Flower Honey)တို့ ထွက်ရှိပြီး နှစ်စဉ် ပျားရည် တန်ချိန် ၄၀၀၀ ကျော် ထုတ်လုပ်နိုင်လျက် ရှိပါသည်။

နှစ်စဉ်ပျားရည်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး ၄၀ ရာခိုင်နှုန်း ကို ပြည်တွင်း၌ ရောင်းချလျက်ရှိပါသည်။ ပြည်တွင်းတွင် ပျားရည်ကို တိုင်းရင်း ဆေးဝါးအဖြစ် အသုံးပြုလျက် ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ မြို့နယ် ၃၁ မြို့နယ်ရှိ အစိုးရပိုင် ပျားမွေးမြူရေးစခန်း များတွင် ပျားအုံပေါင်း ၆,၂၀၀ မွေးမြူလျက်ရှိပြီး၊ ပုဂ္ဂလိကပိုင် ပျားမွေးမြူရေးလုပ်ငန်းပေါင်း ၉၅၀ ကျော် တွင် ပျားအုံပေါင်း ၂ သိန်းနီးပါး မွေးမြူလျက်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ သီးနှံစိုက်ဧက ၂ သန်းကျော်သည်လည်း နှစ်စဉ် ပျားဝတ်မှုန် ကူးခြင်းအတွက် အထောက်အပံ့ဖြစ်စေလျက်ရှိပြီး၊ သီးနှံစိုက်ခင်းများအနီးတွင် ပျားမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် သီးနှံအထွက်နှုန်း တိုးတက်စေရေးနှင့် အရည်အသွေး ကောင်းမွန်သော ပျားရည်ထုတ်လုပ်မှုအတွက် အထောက်အပံ့ဖြစ်စေလျက်ရှိကြောင်း သိရှိရ ပါသည်။

**Source: The Global New Light of Myanmar (26-7-2024)**

EMBASSY OF MYANMAR, TOKYO



## မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းနှင့်ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ကျန်းမာရေး လိုအပ်ချက်များအား ဖြေလျှော့ပေးထားခြင်း

(၅-၇-၂၀၂၄၊ တိုကျိုမြို့)

မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားများအတွက် Covid 19 ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအား ဖြေလျှော့ပေးထားသည်ဟု ကျန်းမာရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားပါသည်။

၂၀၂၄ခုနှစ်၊ မတ်လ ၁ရက်နေ့မှစတင်၍ နိုင်ငံတကာ လေကြောင်းခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ နှင့် နယ်စပ်ဂိတ်များ၌ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များအား ဖျက်သိမ်းထားရှိပြီဖြစ်ပါ ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှုနောက် ပြည်သူ့ကျန်းမာရေးအစီအမံများကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံကျင့်သုံးလာပြီး၊ ပုံမှန်လူနေမှုပုံစံအသစ်(New Normal Setting)ကို အများသူငှာ လိုက်နာ စောင့်ထိန်းပြီးနောက် ယခုအခါ မြန်မာနိုင်ငံသည် Covid 19 ရောဂါ သိသိသာသာ ကျဆင်းနေသည့် နိုင်ငံများထဲတွင် ပါဝင်နေပါသည်။

EMBASSY OF MYANMAR

သို့ဖြစ်ပါ၍ နိုင်ငံတွင်းခရီးသွားလာရေးနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ပြုပြင်ပြောင်းလဲခဲ့ကြောင်း သတင်းရရှိပါသည်။



**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသွားများအတွက် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်နေစဉ်**

## ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ကြိုးကြာငှက်များ၏ ရေရှည်တည်တံ့နိုင်စေရေးအတွက် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရခြင်း

ကြိုးကြာငှက်များသည် ရောဝတီတိုင်းဒေသကြီးအတွင်း၌ အများဆုံးနေထိုင်ကျက်စားကြပြီး ၎င်းတို့ ရေရှည်အသက်ရှင် နေထိုင်နိုင်ရေးအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ကျုံကပိုက်ဆိပ် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (KTCG)၏ ပြောဆိုချက်အရသိရှိရသည်။

ကြိုးကြာငှက်များသည် မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး နေထိုင်လျက်ရှိကြောင်း ၎င်းတို့ကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူး၊ ရောဝတီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မှတ်တမ်းတင်ထားရှိသည်။ အဆိုပါ ကြိုးကြာငှက်များသည် ရောဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင် အများဆုံးနေထိုင်ကျက်စားလျက်ရှိပြီး ရောဝတီတိုင်းဒေသကြီး၏ မြို့နယ် (၁၄)ခုတို့တွင် ပြန့်နှံ့လျက် ရှိသည်။

EMBASSY OF MYANMAR

ဝါးခယ်မမြို့နယ်တွင် ကြိုးကြာကောင်ရေအများဆုံးနေထိုင်လျက်ရှိပြီး ၎င်းတို့သည် ဒေသခံ ပြည်သူများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်းများရှိသည်ဟု (KTCG) အဖွဲ့၏ ထုတ်ပြန်ချက် အရသိရှိရသည်။ ကြိုးကြာငှက်များသည် မိုးရာသီတွင် အသိုက်ဆောက်၍ တစ်နှစ်လျှင်တစ်ကြိမ် သာ ဥ ဥလေ့ရှိပြီး၊ များသောအား ဥတစ်လုံးမှ နှစ်လုံးအထိသာ ဥ ဥသည်။ (KTCG) အဖွဲ့သည် ကြိုးကြာငှက်များ၏ နှစ်စဉ်ဒေတာများကို ၂၀၁၈ ခုနှစ် ကတည်းကစတင်၍ စုဆောင်းခဲ့သည်။

အခြားတစ်ဖက်တွင် ကြိုးကြာငှက်များအတွက် ခြိမ်းခြောက်မှုများလည်းရှိခဲ့သည်။ နှစ်စဉ် ဒေတာပြန်လည်သုံးသပ်ချက်အရ ကြိုးကြာငှက်များအတွက် ခြိမ်းခြောက်မှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည်။ အဆိုပါ ခြိမ်းခြောက်မှုများအနက် ၎င်းတို့၏ အသိုက်အဝန်း ဆုံးရှုံးခြင်းနှင့် အသိုက်များပျက်စီးခြင်းတို့သည် ကြိုးကြာငှက်များ၏ ရေရှည်ရှင်သန်မှုအတွက် အဓိက စိန်ခေါ်မှုများဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ပြောကြားခဲ့သည်။ ဒေသခံများ၏ ပူးပေါင်း ပါဝင်မှုသည် ၎င်းတို့၏ အသိုက်အဝန်းများ ဆုံးရှုံးမှုနှင့် ပျက်စီးမှုများကို ထိန်းသိမ်းရေးအတွက် ပိုမိုထိရောက်ပြီး အောင်မြင် သောနည်းလမ်းဖြစ်ကြောင်း (KTCG) အဖွဲ့မှ တိုက်တွန်းထားသည်။

EMBASSY OF MYANMAR, TOKYO





## ၂၀၂၄ အိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်းနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် ၂၀၂၄ အိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်းနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကြက်တောင်နှင့် ရေကူးအားကစားနည်းနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင် မည်ဖြစ်ပြီး ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ၊ ရေကူးပြိုင်ပွဲတွင် ဖုန်းပြည့်ဟန်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဖုန်းပြည့်ဟန်သည် မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သက်ထားသူဇာသည် လက်ရည်စစ်အောင်မြင်သဖြင့် အိုလံပစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ အိုလံပစ်ကြက်တောင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲကို အုပ်စုပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး သက်ထားသူဇာသည့် အုပ်စု (C) တွင် ဂျပန်နိုင်ငံသူ ယာမာဂူချီ၊ ကနေဒါနိုင်ငံသူ မီချယ်လ်လီ တို့နှင့် ကျရောက်နေသည်။ သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

EMBASSY OF MYANMAR



EMBASSY OF MYANMA